ၵၵ်ပျောချောင်းကျးရွာ

ၵၵ်ပျောချောင်းကျးရွာအုပ်စု၊ ဝါးခယ်မမြို့နယ်

ကျးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

(၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ၵၵ်ပျောချောင်းကျးရွာအုပ်စု၊ ၵၵ်ပျောချောင်းကျးရွာ၊ ဝါးခယ်မမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ဝါးခယ်မမြို့နယ်ကျးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက
ကူညီရေးဆွဲသည်။)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီ	
	ငှက်ပျောချောင်းကျေးရွာသယံဇာတပြမြေပုံ၊ဝါးခယ်မမြို့နယ်	
၁။	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
၄။	**စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့်ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**	
၈။	**ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မရေးရာဆိုင်ရာကိစ္စ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)	
	နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၂)	
	နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၃)	

စကားချီး

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ငှက်ပျောချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၊ ကျေးရွာရပ်မိ ရပ်ဖများ ၊ ကျေးရွာပြည်သူများနှင့် ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ငှက်ပျောချောင်းကျေးရွာ၏ ကျေးရွာပြည်သူများ ပါဝင်ကာ စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီပေးခဲ့သည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး အတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူတစ်ရပ်လုံးပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ ယခုအခါ ကျေးရွာ ပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ဆုံးဖြတ်ခြင်းမျိုးမဟုတ်ပဲအများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာစွာစနစ်တကျ ရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်တတ်သည့် အလေ့အကျင့်ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းမြင်သာစွာဆောင်ရွက်တတ်သည့်

အလေ့အကျင့်ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတန်ဖိုးကြီးမားပါသည်။ ထိုပြင် ထပ်မံလိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဌာန ဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက် လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင် ရရှိ ခဲ့သည့် အချက်အလက်များကို စုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများ တွင် ရရှိမည့် ကိန်းဂဏန်း ၊ ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံကောင်းမွန်လာမည်မှာ ဧကန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရှေ့ဆက်၍ ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေး ၊ နာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပူးပေါင်း ပါဝင်မှုဖြင့် ဆောင်ရွက်သွားမည် ဆိုပါက မလွဲကောန်တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။


ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးအစီအစဉ်အလိုက် လုပ်ငန်း များစုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။ နောက် နောင်များတွင်လည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများ ကို ဆန်းစစ်သုံးသပ်ရန် နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများလည်း ရရှိမည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖ နှင့် ကျေးရွာပြည်သူများပူးပေါင်း ပါဝင် ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေ အနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေ စသည့် အသေးစိတ် အချက်အလက်များ စနစ်တကျထည့်သွင်းရေးဆွဲထားသဖြင့် ၄ှက်ပျောချောင်း ကျေးရွာအတွက် အကျိုးကျေးဇူးများစွာရရှိစေမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာအုပ်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
၄ှက်ပျောချောင်းကျေးရွာ
၄ှက်ပျောချောင်းကျေးရွာအုပ်စု
ဝါးခယ်မမြို့နယ်


ရက်စွဲ၊၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီ လ ရက်

ငှက်ပျောချောင်းကျေးရွာ၊ သယံဇာတပြမြေပုံ


















လျှပ်စစ်ဖြူးလေးစီးဆင်းမှုနှင့် ဇာတ်လမ်းချောင်းလျှပ်စစ်

Venn Diagram



ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ ဝါးခယ်မမြို့နယ်၊ ငှက်ပျောရွာကြီးကျေးရွာအုပ်စု၊ ငှက်ပျောရွာကြီးကျေးရွာ

အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
												
ရာသီဥတု												
အလုပ်အကိုင်												
လက်လုပ်လက်စား မိသားစု များဝင်ငွေရရှိမှု (မရှိ၊ နည်း၊ များ)	မရှိ	နည်း	များ	များ	များ	နည်း	များ	များ	နည်း	နည်း	များ	များ
အသုံးစရိတ်	များ	များ	များ	နည်း	နည်း	နည်း	များ	များ	များ	များ	များ	များ
ချေးငွေလိုအပ်မှု	မရှိ	မရှိ	မရှိ	ရှိ	မရှိ	ရှိ	မရှိ	မရှိ	ရှိ	မရှိ	မရှိ	မရှိ
ဝမ်းစာဖူလုံမှု	နည်း	နည်း	နည်း	နည်း	နည်း	နည်း	များ	များ	နည်း	နည်း	များ	များ
သဘာဝဘေးအန္တရာယ်	မရှိ	မရှိ	မရှိ	ရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ပွဲတော်	၁၁ရက်ကြိုန်	ဥဒေါင်ရည် တရားပွဲ	ဆက်နွှဲကပ်	သင်္ကြန်၊ကပ်	သင်္ကြန်၊ကပ်	မီးထွန်းပွဲ	ကထိန်ပွဲ	ကောက်သစ်အမှတ်	ပဗ္ဗာန်းပွဲ	တောင်းပွဲ	ဘုရားပွဲ	
ကျန်းမာရေးအခြေအနေ	နည်း	နည်း	များ	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	များ	များ
တိရိစ္ဆာန်အစာရရှိမှု	မရှိ	နည်း	နည်း	များ	များ	များ	များ	နည်း	နည်း	နည်း	နည်း	နည်း
တိရိစ္ဆာန်ရောဂါကျရောက်မှု	မရှိ	နည်း	နည်း	မရှိ	မရှိ	မရှိ	နည်း	နည်း	နည်း	နည်း	နည်း	နည်း
သီးနှံပိုးမွှားရောဂါကျရောက်မှု	မရှိ	မရှိ	မရှိ	နည်း	နည်း	များ	နည်း	မရှိ	နည်း	နည်း	နည်း	နည်း
သောက်သုံးရေဖူလုံမှု	နည်း	နည်း	နည်း	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	နည်း	နည်း

(၁) တည်နေရာနှင့်ပထဝီဝင်အနေအထား

ဝါးခယ်မမြို့သည် ဧရာဝတီတိုင်းဒေသကြီး ၊ မြောင်းမြခရိုင် အတွင်းတွင်တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် (၄၅၉.၅၂) ဧရိယာစတုရန်းမိုင် ကျယ်ဝန်းပြီး မြောင်းမြမြို့နယ် ၊ အိမ်မဲမြို့နယ်၊ ပန်းတနော်မြို့နယ် ၊ မအူပင်မြို့နယ် ၊ မော်လမြိုင်ကျွန်းမြို့နယ် ၊လပွတ္တာမြို့နယ်များနှင့် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိပါသည်။ဝါးခယ်မမြို့နယ်တွင် မြို့(၂)မြို့ရှိပြီး ဝါးခယ်မမြို့ပေါ်ရပ်ကွက် (၁၄) ရပ်ကွက် ၊ ကျုံမငေးမြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက် စုစုပေါင်း(၁၉)ရပ်ကွက်ရှိပါသည်။ ကျေးရွာအုပ်စု (၁၂၅) အုပ်စု ၊ ကျေးရွာပေါင်း(၅၈၀)ရွာ ရှိပါသည်။ မြေပြန့်ချိုင့်ဝှမ်း၊ မြေပြန့်လွင်ပြင်နှင့် မြစ်ချောင်းများရှိပြီး ကျန်မြို့နယ်များ၏ မြေပြန့်လွင်ပြင် မြစ်ချောင်းများနှင့်ဆက်စပ်လျက်ရှိပါသည်။

ငှက်ပျောချောင်းကျေးရွာသည် ဝါးခယ်မမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိ၍ ငှက်ပျောချောင်းကျေးရွာ အုပ်စုတွင် ပါဝင်ပြီး ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ဝါးခယ်မမြို့ နှင့် (၁၅) မိုင်ခန့် ကွာဝေးပြီး ကုန်းလမ်း ၊ ရေလမ်းခရီး (၂)မျိုးလုံး ဖြင့် သွားလာပါသည်။ ပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှာ (ကြာကွင်းကျွန်းကြား၊ စပ်ထုံး၊ စပါးရိ) အစရှိသည့် ကျေးရွာအုပ်စုများဖြစ်ပြီး မအူပင်မြို့နယ် နယ်နမိတ် အနီးတွင်တည်ရှိပါသည်။

(၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ဝါးခယ်မမြို့နယ်သည် စိုစွတ်သောရာသီဥတုရှိပြီး မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၆ မိနစ်မှ ၁၆ဒီဂရီ ၅၀ မိနစ်ကြား၊အရှေ့လောင်ဂျီကျု၉၅ဒီဂရီ၀၁မိနစ်မှ ၉၅ဒီဂရီ၃၀မိနစ်ကြားတွင် တည်ရှိပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇွန်လ၊ဇူလိုင်နှင့်သြဂုတ်လ တို့ဖြစ်ပါသည်။

ဝါးခယ်မမြို့နယ်သည် မြစ်ချောင်းများ ပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်းမှာ ပြန့်မလောမြစ် ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေ စသည်ဖြင့် အသုံးပြုနိုင်ပြီး သဘော်၊ စက်လှေ များ လည်း သွားလာနိုင်သောမြစ်များဖြစ်ပါသည်။ ငှက်ပျောချောင်းကျေးရွာတွင် လယ်မြေ (၆၄၃) ဧက၊ ဥယျာဉ်ခြံမြေ(၅၀)ဧက၊ ကိုင်း/ကျွန်းမြေ (၂၂) ဧကရှိပြီး စုစုပေါင်းမြေ (၇၁၅)ဧကရှိပါသည်။ကျေးရွာတွင် မိုးစပါး၊နွေစပါးကို အဓိက စိုက်ပျိုးကြပြီး၊ ရာသီအလိုက် ပဲ၊ ငရုတ်၊ စပါး၊နေကြာ စသည့်အခြားသီးနှံများကိုလည်းစိုက်ပျိုးကြပါသည်။ကျန်း

မာရေးအတွက် အထောက်အကူ ဖြစ်စေသော ဆေးဘက်ဝင်အပင်များလည်း တွေ့ရှိရပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာရှိပြည်သူများစုစည်းအားဖြင့် ကျေးရွာတွင်းရှိဖွံ့ဖြိုးရေးလုပ်ငန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ သာရေး / နာရေး ၊ ပညာရေး ၊ ဖွံ့ဖြိုးရေး ၊ မီးဘေး ၊ အမျိုးသမီးရေးရာနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုမှာအားကောင်းပါသည်။ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ကာ အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များနှင့်ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ငှက်ပျောချောင်းကျေးရွာတွင် လယ်မြေကေ ၂.၅ ဧကေ အောက် ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူ(၅၀)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကအထိ ပိုင်ဆိုင်သော တောင်သူငယ်(၄၂)အိမ်ထောင်စု၊၅ဧကမှ၁၂.၅ဧကကြားပိုင်ဆိုင်သော တောင်သူ လတ်(၄၀) အိမ်ထောင်စု၊ ၁၂.၅ဧကထက် ပိုင်ဆိုင်သော တောင်သူကြီး (၃၂)အိမ်ထောင်စုရှိကြပြီး လယ်မြေ နှင့် ဥယျာဉ်ခြံမြေကေ ပိုင်ဆိုင်သော တောင်သူ လယ်သမား အိမ်ထောင်စု များသည် အများအားဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းကို အဓိကထား လုပ်ကိုင်ကြပြီး ပဲ၊ငရုတ်စပါး၊နေကြာ အစရှိသည့် အခြားသီးနှံများကိုရာသီပေါ်အဖြစ် စိုက်ပျိုးထုတ်လုပ်ကြပါသည်။ စိုက်ပျိုး ထုတ်လုပ်ခြင်းကို ဦးစားပေး ဆောင်ရွက်သော လယ်သမားများနှင့် လုပ်သားများ နေထိုင်ရာ ကျေးရွာတစ်ခု ဖြစ်ပါသည်။ထို့ကြောင့်ကျေးရွာ၏ ဆန်စပါးထုတ်လုပ်မှုနှင့်သက်ဆိုင်သော သဘာဝအရင်းအမြစ်များ ပေါများသည့် အလျောက် အကျိုးအမြတ်များ ပိုမို ဖြစ်ထွန်းရန်အတွက် အကျိုးအမြတ်ပိုမိုရရှိရေး

ရာသီဥတု မရွေးစိုက်ပျိုးနိုင်သည့် အထွက်နှုန်း တိုးသော စပါးမျိုး ကောင်းမျိုးသန့်ရရှိရေး ဈေးကွက်အတွင်း အဆင့်မှီ ရောင်းချနိုင်သည် အထိ တိုးတက်ထုတ်လုပ်နိုင်သည့် နည်းလမ်းများကို

ရှာဖွေအားထုတ် ရမည်ဖြစ်ပါသည်။လယ်ယာ/ဥယျာဉ်ခြံ စိုက်ပျိုးရေးလုပ်ကိုင်သူများမှာ ကိုယ်ပိုင် စိုက်ပျိုးရေးသုံး ကိရိယာများအနေဖြင့် လက်တွန်းထွန်စက်၊ထွန်စက်၊ ခြွေလှေ့စက်၊ မြက်ရိတ်စက်၊ ရေစုပ်စက်များ ပိုင်ဆိုင်ကြပါသည်။

ငှက်ပျောချောင်းကျေးရွာသည် မြို့နယ်နှင့်အလှမ်းကွာဝေးသဖြင့် စိုက်ပျိုးထုတ်လုပ်ရေး အတွက် ဝန်ဆောင်မှုများ ရရှိရန် ခက်ခဲပြီး စိုက်ပျိုးရေး နည်းပညာ နှင့် ဝန်ဆောင်မှုများလွယ်ကူစွာ ရရှိနိုင်ပါက သီးနှံအထွက်နှုန်းမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ငှက်ပျောချောင်းကျေးရွာတွင်နွားမွေးမြူထားသည့်အိမ်ထောင်စု(၁၅)အိမ်သာရှိပြီးနွားကောင်ရေ (၂၃) ကောင် မွေးမြူထားပါသည်။ အခြား တစ်ပိုင်တစ်နိုင် မွေးမြူရေး အဖြစ် ဝက်မွေးမြူ သည့် အိမ်ထောင်စု(၆၉)အိမ်ရှိပြီး ဝက်ကောင်ရေ (၁၄၀) ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု (၉၅)အိမ်ရှိပြီး ကြက်ကောင်ရေ (၆၄၇) ကောင်၊ ဘဲမွေးမြူသည့် အိမ်ထောင်စု(၁၄)အိမ်ရှိပြီးဘဲကောင်ရေ(၅၅) ကောင် မွေးမြူကြပါသည်။ ကျေးရွာ၌ ငါးမွေးမြူရေးလုပ်ငန်းနှင့် ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများ အတွက် နည်းပညာနှင့် ရောဂကာကွယ်ရေး၊ကုသရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးပါက စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများကိုတွင်ကျယ်စွာလုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ငှက်ပျောချောင်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားလုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင် ၊ ပန်ရံ၊ စက်ချုပ်၊ ဆိုင်ကယ် ကယ်ရီလိုက်ခြင်း ၊ အခြားကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပြီး ပြင်ပသို့သွားရောက်လုပ်ကိုင်သူများ လည်းရှိပါသည်။ ကျပန်းလုပ်သားများအနေဖြင့် အားလပ်သော အချိန်များတွင် ဝင်ငွေရ လုပ်ငန်း လုပ်ကိုင်နိုင်ရန် စိတ်အားထက်သန် နေကြပြီး နည်းပညာ နှင့် ငွေကြေးအရင်းအနှီး လိုအပ်မှုများ ရှိနေပါသည်။လုပ်ငန်း နှင့် သင့်လျော်သော ထုတ်ချေးငွေရရှိပါက စက်လှေ့ဝယ်ယူ၍ စပါးပို့လိုခြင်း၊ တစ်ပိုင်တစ်နိုင် မုန့်လုပ်ငန်းများ၊ ခေါင်းရွက် ဗျက်ထိုးလုပ်ကိုင်လိုခြင်း၊ အိမ်ဆိုင်ဖွင့်လိုခြင်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ (ဆံပင်ညှပ်၊ ဆိုင်ကယ်ပြင်) လုပ်ကိုင်လိုကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေချေးရန် အရင်းအမြစ်များမှာ သမဝါယမဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်အခြားအဖွဲ့စည်းများပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကိုသာထုတ်ချေးပြီး တစ်ဧကလျှင် (၁၅၀၀၀၀/-) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးသည့် ဧကမှာ (၁၀) ဧက အတွက် အများဆုံး ကျပ်သိန်း (၁၅၀၀၀၀၀/-) သိန်းဖြစ်ပါသည်။ အတိုးနှုန်း မှာ (၀.၆၇) ကျပ် ဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ (၇) လသာ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ဧက ကုန်ကျစရိတ်မှာ (၂) သိန်းကျပ်ခန့် ကုန်ကျသောကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။

ငှက်ပျောချောင်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် အခြား ဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါ သည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စပါးသီးနှံ(ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးရေးတောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့်ချိတ်ဆက် လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ကျေးရွာသား များလိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ငှက်ပျောချောင်းကျေးရွာသည်ဝါးခယ်မမြို့၏အရှေ့တောင်ဘက်တွင်တည်ရှိပြီး ဝါးခယ်မမြို့နှင့် (၁၅)မိုင်ခန့် ကွာဝေးပါသည်။ဝါးခယ်မမြို့သို့ ရေလမ်း/ကုန်းလမ်း ခရီးနှစ်မျိုးစလုံးဖြင့် သွားလာနိုင်သော်လည်း အများသောအားဖြင့် ကုန်းလမ်းခရီးကိုသာ အဓိကအားပြု၍ သွားလာကြပါသည်။

ကျေးရွာမှာ မအူပင်မြို့နယ်နယ်နမိတ်အစပ်နှင့်နီးသည့်အတွက် ကုန်စည်များဝယ်ယူရာတွင် မအူပင်မြို့နယ် အပိုင် ရေလဲကလေးစျေးသို့ အများဆုံးသွားလာကြပါသည်။ ရွာတွင်းလမ်းများမှာ

မြေသားလမ်း များဖြစ်ပြီး မိုးတွင်းကာလများ တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝပ်ခြင်း ၊ ရွံ့ထခြင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များအဖြစ် လှေ၊ စက်လှေ၊ စက်ဘီး၊မော်တော်ဆိုင်ကယ်၊သုံးဘီးဆိုင်ကယ်၊ထော်လာကျီတို့ကိုအသုံးပြုကြပါသည်။ရွာတွင်းလမ်း အားမြေသားတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများကိုကျေးရွာမှကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားရှိ လျှက်ရှိ ပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ၚက်ပျောချောင်းကျေးရွာနေအိမ်ထောင်စုများမှာ ဆိုလာ၊ ဒီဇယ်အင်ဂျင်၊ ဖယောင်းတိုင်၊ ဘတ္ထရီ၊ မီးအသုံးပြုကြပါသည်။ ကိုယ်ပိုင်ဒီဇယ်အင်ဂျင်နှင့်အၚး မီးသုံးစွဲကြသော အိမ်ထောင်စု အချို့ရှိပြီး ကျေးရွာ နေပြည်သူအများစုမှာ မီးလင်းရေးအတွက် ဘတ္ထရီၚးရမ်းအသုံးပြုမှု၊ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်တို့ကို အသုံးပြုလျှက်ရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ၚက်ပျောချောင်းူျေးရွာတွင် မုန်တိုင်းသတင်း၊ ငလျင်သတင်းနှင့် အခြား သာရေး၊ နာရေး သတင်းများရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း ၊ တီဗွီသတင်းစောင့်ကြည့်ခြင်း၊ စလောင်း ဖွင့်ကြည့်ခြင်း၊ ဖုန်းအင်တာနက်အွန်လိုင်းအသုံးပြုခြင်း စသည်တို့ဖြင့် သတင်းအဆက် အသွယ်နှင့် နည်းပညာရရှိကြပါသည်။ ကျေးရွာ၌ ဖုန်းတာဝါတိုင် တပ်ဆင်ထားရှိမှု မရှိသေးသဖြင့် ဖုန်းအင်တာ နက်လိုင်း အသုံးပြုရာတွင် အခက်အခဲရှိပါသည်။

(ဃ) ပညာရေး

ၚက်ပျောချောင်းကျေးရွာ၌ အထက်တန်းကျောင်း (၁) ကျောင်းတည်ရှိပါသည်။ ကျောင်းမှာ အုတ်ညှပ် သွပ်မိုး အမျိုးအအစားဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းတွင် စာရေးခုံ ၊ စားပွဲ၊ ကုလားထိုင် ၊ ပရိဘောဂများ လုံလောက်မှုမရှိသောကြောင့် ကျောင်းသား /သူများ

စာသင်ကြားရာ တွင် အခက်အခဲရှိပါသည်။ ကျောင်း၌ ဆရာ/ဆရာမ ကျား(၃)ဦး၊ မ(၁၇)ဦးနှင့် ကျေးရွာခန့်ဆရာ/ဆရာမကျား(၄)ဦး၊မ(၅)ဦးစုစုပေါင်း(၂၉)ဦး ရှိပါသည်။ ကျောင်းသား နှင့်ဆရာ/ဆရာမအချိုးမှာ(၄၀:၁)အထက်ရှိသဖြင့် ဆရာ/ဆရာမ လုံလောက် မှုမရှိပါ။ ကျောင်းတွင် အာဟာရ

တိုက်ကျွေးမှုအနေဖြင့် ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင်ရှိပါကလည်း တိုက်ကျွေး ဖြစ်ပါသည်။

ငှက်ပျောချောင်းကျေးရွာတွင် မူလတန်းအဆင့်ကျောင်းနေသူ(၇၅)ဦး၊ အလယ်တန်းအဆင့် ကျောင်းနေသူ(၅၁)ဦး၊အထက်တန်းအဆင့်ကျောင်းနေသူ(၃၉)ဦး ၊ တက္ကသိုလ်/ကောလိပ်ကျောင်း နေသူ(၁၅)ဦးရှိပါသည်။ကျေးရွာလူဦးရေ စုစုပေါင်း(၈၂၂)ဦးရှိသည့်အနက် စာတတ်မြောက်မှုဦးရေ ရာခိုင်နှုန်းမှာ (၂၁%)ခန့် သာရှိပါသည်။

(၇) ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ငှက်ပျောချောင်းကျေးရွာအုပ်စု၊ ငှက်ပျောချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း ရှိပါသည်။ ကျေးလက်ဆေးပေးခန်း၌ ကျန်းမာရေးမှူးနှင့် ဆေးဝါးပစ္စည်းများ မလုံလောက်သဖြင့် ကျန်းမာရေးအတွက် မအူပင်မြို့နယ်ဆေးရုံ ၊ ရွှေလောင်းတိုက်နယ်ဆေးရုံနှင့် ဝါးခယ်မမြို့နယ်ဆေးရုံများသို့ သွားရောက်ကုသကြရပြီး အချိန်ကြန့်ကြာမှုရှိသည့် အတွက် အခက်အခဲရှိပါသည်။ ကာကွယ်ဆေးထိုးနှံမှုအနေဖြင့် ကျေးရွာတွင် ကျန်းမာရေး ဆေးပေးခန်း ရှိသောကြောင့်လိုအပ်သောကာကွယ်ဆေးများနှစ်စဉ်ထိုးနှံပေးပါသည်။ အာဟာရပညာပေးအစီ အစဉ်များ နှင့်အာဟာရ တိုက်ကျွေးမှု အစီအစဉ်များကိုလည်းနှစ်စဉ်ဆောင်ရွက် ပေးလျှက်ရှိပါသည်။ ကျေးရွာအတွင်း ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေးလွန် တုပ်ကွေး၊ ဖျားနာခြင်း၊ သွေးတိုး၊ ဆီးချို ၊ငှက်ဖျား ၊ အသည်းရောဂါ(ဘီ၊စီ)စသည့် ရောဂါများအနည်းငယ် ဖြစ်ပွားလေ့ ရှိပါသည်။

ကျေးရွာအား ကျန်းမာရေး အသိပညာပေးခြင်းများ၊ တစ်ကိုယ်ရေကျန်းမာရေး ပညာပေး များ ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမို ကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

ကျေးရွာရှိ ရေသုံးစွဲမှုမှာ အိမ်ထောင်စုများ အနေဖြင့် မြစ်/ချောင်းရေကိုသာ အဓိက ထားအသုံးပြုကြပါသည်။အိမ်ထောင်စုအချို့မှာ အဝီစိတွင်းစက်တပ်/တုံကင်နှင့် ရေတွင်းတို့မှ ရယူ သုံးစွဲကြပြီး ရေအရည်အသွေးစမ်းသပ်စစ်ဆေးမှုမရှိသဖြင့် သန့်ရှင်း/လုံလောက်မှုမှာ အသင့်အတင့်

သာရှိသဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ရပါသည်။ စိုက်ပျိုးရေးအဖြစ် မြစ်/ချောင်းရေကို ရာသီမရွေး သုံးစွဲနိုင်ပါသည်။ငှက်ပျောချောင်း ကျေးရွာ၌ အမှိုက်သရိုက်များ လွန်စွာနည်းပါးခြင်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများမှာလည်း စည်းစနစ်ရှိစွာဖြင့် မွေးမြူကြသောကြောင့် သန့်ရှင်းသာယာသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာ တွင် အိမ်ထောင်စု ပေါင်း (၂၀၅) အိမ်ထောင်စုရှိပြီး ရေလောင်း/ ယင်လုံအိမ်သာ ကိုအများဆုံး အသုံးပြုကြသော်လည်း အိမ်သာမရှိသောအိမ်ထောင်စုများမရှိပါ။ သန့်ရှင်းသော ရေလောင်း/ ယင်လုံအိမ်သာ သုံးစွဲမှု အသိပညာလိုအပ်ပါသည်။

(၈) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ငှက်ပျောချောင်းကျေးရွာရှိ သဘာဝဘေးအန္တရာယ်အနေဖြင့်မိုးဦးကာလတွင် မုန်တိုင်း ကျရောက်ခြင်း ရေကြီးရေလျှံခြင်းအနည်းငယ် ဖြစ်ပေါ်တတ်ပြီးငလျင်လှုပ်ခြင်းလည်း ရံဖန်ရံခါ ဖြစ်ပေါ်တတ်ပါသည်။ တီဗီ၊ ရေဒီယို၊ ဖုန်းအစရှိသည်တို့မှလည်း သဘာဝဘေးအန္တရာယ် သတင်း အချက်အလက်များရရှိပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များပြုလုပ် ထားရှိပါသည်။

(စ) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ငှက်ပျောချောင်းကျေးရွာတွင် လူဦးရေ(၈၂၂) ဦးရှိသည့် အနက် အမျိုးသားဦးရေ (၃၉၇)ဦး နှင့် အမျိုးသမီးဦးရေ(၄၂၅)ဦး ဖြစ်ပါသည်။ ကျား၊မလူဦးရေရာခိုင်နှုန်းမှာ ကျား(၄၈%)၊ မ(၅၂%) ကျေးရွာတွင်ကျားမလူဦးရေ မျှတလျှက်ရှိပါသည်။

လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် လုပ်ခလစာအနေဖြင့် နေ့စားအမျိုးသားတစ်ဦးလျှင် (၆၀၀၀)နှုန်းရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင်(၄၀၀၀)နှုန်းခန့် ရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမားနှင့်ပန်းရံ နေ့စားအမျိုးသား/သမီးလျှင်တစ်ဦးလျှင် (၅၀၀၀-၄၀၀၀)နှုန်းခန့် ရရှိကြ ပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့အစည်းများရှိသော်လည်း ရပ်ရေးရွာရေး ကိစ္စများ တွင်ပါဝင်ဆောင်ရွက်မှုအားနည်းနေပါသည်။

ကျေးရွာဦးစားပေးစီမံချက်များ

ဝါးခယ်မမြို့နယ်

ငှက်ပျောချောင်းကျေးရွာ

စဉ်	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အမည်	ရမှတ်	ဦးစားပေးအဆင့်
၁	ကျေးရွာတွင်း ကွန်ကရစ်လမ်းရရှိရေးစီမံချက်	၁၀၀	၁
၂	ဈေးရုံဆောက်လုပ်ခြင်းစီမံချက်	၈၈	၂
၃	အားကစားကွင်းဆောက်လုပ်ခြင်းစီမံချက်	၇၂	၃
၄	ကျေးလက်ဆေးပေးခန်းထပ်မံတိုးချဲ့ခြင်းစီမံချက်	၆၃	၄
၅	စက်ရေတွင်းတူးဖော်ခြင်းစီမံချက်	၅၈	၅

ဝါးခယ်မမြို့နယ် ၄က်ပျောချောင်းကျေးရွာအုပ်စု၊ ၄က်ပျောချောင်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်သိန်း	ဦးသိန်း	၁၄/ဝခမ(နိုင်) ၂၀၄၀၇၆	၅၆	ဥက္ကဋ္ဌ	၀၉-၆၆၀၇၇၂၀၂၈
၂	ဦးသန်းလှိုင်	ဦးသန်းအေး	၁၄/ဝခမ(နိုင်) ၁၆၅၄၂၉	၄၅	အတွင်းရေးမှူး	၀၉-၇၆၃၅၄၈၃၀
၃	ဒေါ်ဝါဝါလွင်	ဦးအေးလွင်	၁၄/ဝခမ(နိုင်) ၀၃၂၇၀၈	၃၈	ဘဏ္ဍာရေးမှူး	၀၉-၆၇၅၃၅၃၈၅၀
၄	ဒေါ်ခင်သန်းထွေး	ဦးပု	၁၄/ဝခမ(နိုင်) ၃၃၁၉၈၃	၄၅	စာရင်းကိုင်	၀၉-၂၆၉၈၃၃၃၅၈
၅	ဦးကိုကိုမောင်	ဦးခင်သိန်း	၁၄/ဝခမ(နိုင်) ၃၁၈၂၃၆	၃၉	ဝယ်ယူရေးဆပ်ဥက္ကဋ္ဌ	၀၉-၆၇၆၄၂၅၇၄၀
၆	ဦးအုန်းလှိုင်	ဦးအောင်ကြီး	၁၄/ဝခမ(နိုင်) ၁၈၀၇၄၂	၅၇	အဖွဲ့ဝင်	၀၉-၆၈၇၂၀၂၆၇၃
၇	ဦးစိုးလေး	ဦးဝင်း	၁၄/ဝခမ(နိုင်) ၀၇၂၉၇၅	၅၀	အဖွဲ့ဝင်	၀၉-၆၆၂၆၆၃၃၄၅
၈	ဦးစန်းလွင်	ဦးစိုးဝင်း	၁၄/ဝခမ(နိုင်) ၁၈၀၉၀၅	၄၈	အဖွဲ့ဝင်	၀၉-၆၉၂၉၄၁၅၃၄
၉	ဦးအောင်အောင်	ဦးသိန်းအောင်	၁၄/ဝခမ(နိုင်) ၃၃၇၇၈၅	၂၅	အဖွဲ့ဝင်	၀၉-၆၆၄၆၁၈၁၄၇

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၃	၁၄
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၅	၁၂	၂၇
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၅	၃၃	၅၈
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၀	၄၄	၈၄
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၈၅	၂၉၈	၅၈၃
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၁	၃၅	၅၆
စုစုပေါင်း		၃၉၇	၄၂၅	၈၂၂
စုစုပေါင်း အိမ်ထောင်စု				၂၀၅

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ - ၄က်ပျောချောင်းကျေးရွာတွင်အိမ်ထောင်စုပေါင်း(၂၀၅)စုလူဦးရေပေါင်း (၈၂၂)ဦးကျား(၃၉၇)မ(၄၂၅)ဦးရှိသည့်အတွက်ကောင်းမွန်စွာနေထိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၈၆	၃၅	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၇	၁၁	မြင့် ☐ လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေနှင်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄	၀	၃၅	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၁၁	၀	မြင့် ☐ လတ် ☐ နိမ့် ☑
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၃၀	၀	မြင့် ☐ လတ် ☑ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
					☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၁	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၅	၄၅	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ ၄င်္ဂပျောချောင်းကျေးရွာသူရွာသားများသည်ကိုယ်ပိုင်လုပ်ငန်းဖြစ်သော လယ်လုပ်ငန်းကိုကောင်စွာလုပ်ကိုင်၍ဝင်ငွေကောင်ကြောင်းတွေ့ရှိရပါသည်ကျပန်းနှင့်အိမ်ငှားလိုက် သောမိသားစုဝင်အနည်းငယ်များလည်းတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၀၀၀	၃၀၀၀	၁၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၄၀၀၀	၀	၃၀၀၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၇၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား	၄၀၀၀	၂၀၀၀	၃၀၀၀	၁၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်္ဂါချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။
မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)
(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်သမား များ ဝင်ငွေ တွေ့ရှိချက် အရ အလုပ်သမား တစ်ယောက် လျင် ဝင်ငွေ(၁၅၀၀၀)ဖြစ်ပြီးတစ်ရက်ဝင်ငွေမှာ (၆၅၀၀)ကျပ်ရှိပြီးနှုန်းထားများ အလုပ် အပေါ်မူတည်၍ ကွဲပြားသွားကြောင်း တွေ့ရှိရပါသည်။ လက်လီလက်ကား ရောင်းဝယ် မှုမှာလည်း ရာသီအလိုက်ကွဲပြားကြောင်းတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၆၄၃.၀၀	ကောင်း ☑	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၅၀.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၂.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၇၁၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။၄င်းပျောချောင်းကျေးရွာတွင်လယ်စိုက်ပျိုးတောင်သူများမှာ အိမ်ထောင်စုများ သောကြောင့် မြေဆီလွှာအရည်အသွေးများ ကောင်းမွန်ပြီး နိုင်ငံတော်မှ သီသန့်ချမှတ်ထားသောစာဂုန်လျော် မြေနေရာများရှိကြောင်းတွေ့ရှိရပါသည်။မြေလွတ်မြေလပ်များမရှိကြောင်းတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဧယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်	များ ☐ သင့် ☐	လွယ် ☐ ခက် ☑

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
စသည်များ	နည်း ☑ မရှိ ☐	အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ - ကျေးရွာတွင်သဲများထွက်ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း လုပ်ရာတွင်အထောက်အကူပြုသော်လည်းနည်းပါးပါသည်သဘာဝတိရစ္ဆာန်မျိုးစိတ်များမရှိကောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၂	၆၂	၇၀	၄၁

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**
လေ့လာတွေ့ရှိချက်။ ။ - ကျေးရွာတွင်အဆင်ပြေသောအိမ်ထောင်စုမှာ အသင့်အတင့်ရှိပြီး အလယ်အလတ်အိမ်ထောင်စုမှာနှင့်အဆင်မပြေသောအိမ်ထောင်စုမှာများနေကြောင်းတွေ့ရှိရပါသည်။

(၄) ထိခိုက်လွယ်မှု

(၄-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၅၀	အခြားအစာပြောင်းလဲစား = ၁၀ အစာလျှော့စား = ၁၀ အထောက်အပံ့ယူ = ၁၀ ချေးယူ = ၁၀ လုပ်အားခကြိုယူ = ၁၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ - ကျေးရွာရှိဥစ္စာဓနအဆင့်(၃)မှာ၃၀ရာခိုင်နှုန်းနှင့်အဆင်(၄)မှာ(၁၀) ရာခိုင်နှုန်း အတွေ့ရှိရမည် ဝမ်းစာဖူလုံမှု မှာ၆လမှ၁၂လအထိ ထောက်ပံမှု အစားလျော့ လုပ်အားခကြိုတင်ယူမှုတွေ့ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၁၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၅

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
လေ့လာတွေ့ရှိချက်။ ။ - ကျေးရွာတွင်ဦတည်အုပ်စု မှရပ်မိရပ်ဖများနှင့် ဆွေးနွေးရာတွင် ရွာအတွက်အဓိကလိုအပ်သော လမ်းနှင့်အခြားလိုအပ်ချက်များကို ဆွေးနွေသွားကြောင်း လေ့လာ တွေ့ရှိရပါသည်။ကျေးရွာ၏ ကျပန်း လုပ်ကိုင်စားသောက်သူများသည် ထိခိုက်လွယ် ရှိသောကြောင့် ကျပန်းလုပ်ကိုင်သူများအား ကျေးရွာအဖွဲ့အစည်းမှ ကူညီထောက်ပံ့ပေးကြောင်းတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက် သက်ရောက် လွယ်မှုဆိုရာ ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက် သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါ ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။- ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အဓိက အကြောင်းအရင်းမှာ စိုက်ပျိုးရာတွင်ခါတ်မြေဩဇာလုံးလောက်စွာမဝယ်ယူနိုင်ခြင်း ပိုးမွှားအန္တရာယ်ကြရောက်လာပါက ပိုးသတ်ဆေးရည်လုံလောက်စွာ မသုံးစွဲနိုင်ခြင်းကြောင့် အထွက်နှုန်းလျော့ပါး၍ လယ်သမားများ ဝင်ငွေကြဆင်းပြီး လူနေအိမ်များသည်လည်း မြစ်ဘေးတွင်းနေထိုင်သူများ သောကြောင့် ရေဘေးအန္တရာယ်များနှင့်ကျုံတွေ့ရကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	
၁	လူငယ်	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑	လတ် ☐
		နိမ့် ☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		နိမ့် ☑ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။- ကျေးရွာတွင် လုပ်ကိုင်စားသောက်သူများအားလုံးကို လေ့လာရာတွင် လတ်လုပ်လက်စားကျပန်းများပါသည် ထိခိုက်လွယ်မှုအန္တာယ်များဆုံးဖြစ်တာ တွေ့ရှိရပါသည်။ မြစ်တစ်ဘက်တွင်တွေ့ရှိရပြီး သို့ဖြစ်ပါ၍ ပရဟိတအဖွဲ့များမှာလည်း ကူညီဆောင်ရွက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လယ်သမား	၁ ☐ ၂ ☐ ၃ ☑	၅	၃	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ပရဟိတ	၁ ☐ ၂ ☑ ၃ ☐	၁၀	၁၅	၂၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ဘာသာရေး	၁ ☑ ၂ ☐ ၃ ☐	၁၅	၂၀	၃၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄	ပညာရေး	၁ ☐ ၂ ☐ ၃ ☑	၅	၅	၁၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	ကျန်းမာရေး	၁ ☐ ၂ ☑ ၃ ☐	၂	၂	၄	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၆	စိုက်ပျိုးမွေးမြူရေး	၁ ☐ ၂ ☐ ၃ ☑ ၃	၅	၆	၁၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	ရဲစခန်း	၁ ☐ ၂ ☑ ၃ ☐	၁၅	၁၂	၂၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။
အုပ်စုအမျိုးအစား
(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။
လေ့လာတွေ့ရှိချက်။ ။ - ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ မှာပရဟိတအဖွဲ့အစည်းများ လူငယ် အဖွဲ့အစည်းနှင့် လူငယ် အဖွဲ့အစည်း ဘာသာရေး နှင့် ကျန်းမာရေး စောင့်ရောက်ရေး အဖွဲ့ စိုက်ပျိုးရေးအဖွဲ့များ၏ စည်းလုံမှုကြောင့်ရွာတွင်အဆင်ပြေကြောင်းနှင့် ရဲစခန်းတိုက်နယ် အဆင့်ထိရှိသောကျေးရွာဖြစ်သဖြင့်ကျေးရွာတွင် ကျန်းမာရေးကာကွယ်ရေး လုံလောက်စွာ ရှိကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပရဟိတ	၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☑ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၂	Pact Myanmar	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	ARTIC	၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐	ပညာရေး ☐ ငွေကြေး

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
		☐ ၆ ☐ ၇ ☐	☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – မမွေစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ - ကျေးရွာတွင်ပရဟိတနှင့်Pact Myanmar အဖွဲ့ ၊ ARTIC အဖွဲ့ တို့သည့်ကျေးရွာတွင်လာရောက်ကူညီထောက်ပံ့မှုကောင့်ကျေးရွာတွင်ဆင်ငြေကောင်မွန်ကြောင်းလေ့ လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင ်သတ်မှတ်ချက်
၁	မြေယာမဲ့	၄၁	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၄၂	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၄၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၀၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ - ကျေးရွာတွင် အိမ်ထောင်စု စာရင်းကောက်ယူရာတွင် အိမ်ထောင်စု (၂၀၅)ရှိပြီးဆင်းရဲသည့်အိမ်ထောင်စုများသော်လည်းအလယ်အလတ်နှင့် တောင်သူကြီး၊ တောင်သူငယ်များမှာ အသင့်အတင့်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၈	ချောင်းရေ	၆၄၃.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☑ မရှိ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ - ကျေးရွာတွင် စိုက်ပျိုးရေးအတွက်ချောင်းရေ ကိုသာ အဓိကထား လုပ်ကိုင်ရသည့်အတွက် ချောင်းရေးသွင်းစိုက်ပျိုးရကြောင်းလေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၆၄၃	တင်း	၄၀	၇၀	၅၅	ဇွန်	စက်တင်ဘာ	မြင့် ☑ လတ် ☐ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☑
ပဲ	၄၀၀	တင်း	၁၀	၁၅	၁၂.၅	နိုဝင်ဘာ	ဖေဖော်ဝါရီ	မြင့် ☑ လတ် ☐ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☑
နေကြာ	၁၄၃	တင်း	၂၀	၃၅	၂၇.၅	နိုဝင်ဘာ	ဖေဖော်ဝါရီ	မြင့် ☐ လတ် ☑ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☑
ငရုပ်	၁၀၀	ဝိဿာ	၂၀၀	၃၀၀	၂၅၀	နိုဝင်ဘာ	မေ	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☐ နိမ့် ☑
								မြင့် ☐ လတ် ☐ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☐
								မြင့် ☐ လ	မြင့် ☐ လတ် ☐ နိမ့်

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								တ် ☐ နိမ့် ☐	☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ - ၄င်ပျောချောင်းကျေးရွာတွင်လယ်သမားအများစုမှာသီးနှံအထွက်တိုးရန်မျိုးကောင်းမျိုးသန့်များ ရွေးချယ်ဝယ်ယူ၍ စိုက်ပျိုးသောကြောင့်ဝင်ငွေကောင်း ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၃	၀	၀	၀
လက်တွန်းထွန်စက်	၂၆	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၁၁	၀	၀	၀
ရေစုပ်စက်	၂၇	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၃	၀	၀	၀

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ - ကျေးရွာတွင်တောင်သူအများစု တွေ့ရှိရပြီး စက်ကိရိယာမှာ နည်းပါးသောကြောင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းကောင်းသော်လည်း စက်ကိရိယာ ပိုင်ဆိုင်မှုနည်း ကြောင်း တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** **(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)**
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☑ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ - ကျေးရွာတွင်သီးနှံအထွက်နှုန်းတိုးတက်၍စက်ပစ္စည်း လုံလောက်စွာမရှိခြင်းခါတ်မြေဩဇာများ ပိုးသတ်ဆေးများ လုံးလောက်စွာအသုံးမပြုနိုင်သောကြောင့်သီးနှံအထွက်တိုးရာတွင်အခွင့်အလမ်းနည်းပါးကြောင်းတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း ☑ ရာသီဥတုမမှန် ☐ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☑ မဖြေဆိုပါ ☐

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☑ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။-ကျေးရွာတွင်စိုက်ပျိုးလုပ်ကိုင်သူများသည်အလုပ်သမားများလုံလောက်စွာ မရရှိခြင်းဈေးကွက် နှင်ကုန်သွယ်မှုလည်းမရှိခြင်းချေးငွေနှင့် ငွေကြေးသီးနှံမျိုးစေ့တို့သည်လည်း အလွယ်တကူမရရှိနိုင်ပေ မြေဩဇာလည်း မကောင်းသဖြင့် လယ်မြေအသုံးခြမှုအနည်းငယ်ဆုံးရှုံးကောင်းလေ့လာတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၅	၂၃
နို့စားနွား	၀	၀
ကျွဲ	၀	၀
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၀	၀
သိုး	၀	၀
ဝက်	၆၉	၁၄၀
ကြက်	၉၅	၆၄၇
ဘဲ	၁၄	၅၅
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၁	၁၅၀၀
ပုဇွန်ကန်	၀	၀
ဂဏန်း မွေးမြူရေးလုပ်ငန်း	၀	၀
ရေချို ငါးဖမ်းလုပ်ငန်း	၁၃	၀
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... **(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

